THE CARTER CENTER

# NEWS RELEASE

## သတင်းထုတ်ပြန်ချက်

## မြန်မာရွေးကောက်ပွဲကြိုအခြေအနေအပေါ် ကာတာစင်တာမှ

## ဒုတိယမြောက်အစီရင်ခံစာထုတ်ပြန်

ရန်ကုန် (၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၃၀) - ယနေ့ထုတ်ပြန်လိုက်သော ရွေးကောက်ပွဲကြိုအခြေအနေ ဒုတိယမြောက် အစီရင်ခံစာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များက ရွေးကောက်ပွဲစီမံခန့်ခွဲရေး၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲလေ့လာသူများ၏ လှုပ်ရှားမှုများအပေါ် သက်ရောက်လျက်ရှိသော်လည်း နိုဝင်ဘာလ ၈ရက်နေ့တွင် ကျင်းပမည့် ဆန္ဒမဲပေးခြင်းအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက် ရှိသည်ကို ကာတာစင်တာက ဂရုပြုမှတ်သားမိပါသည်။

ကမ္ဘာ့ကပ်ရောဂါဘေးကြောင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အဓိကစိန်ခေါ်မှုများ ရှိနေပါသော်လည်း မဲဆန္ဒရှင်စာရင်း ဖြည့်စွက်၊ နှုတ်ပယ်၊ ပြင်ဆင်ခြင်းမှာ ပြီးစီးသွားပြီဖြစ်ပြီး နိုင်ငံပြင်ပ ကြိုတင်မဲပေးခြင်းမှာလည်း နိဂုံးချုပ်ပြီ ဖြစ်သည်။ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ဆဲဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင် အသိပညာပေးခြင်းနှင့် မဲရုံဝန်ထမ်းများအား သင်တန်းပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

သို့သော် လုံခြုံရေးအကြောင်းပြချက်ဖြင့် မဲဆန္ဒနယ်အများအပြား၌ ရွေးကောက်ပွဲများ ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့မှာ ပွင့်လင်းမြင်သာမှုမရှိသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်လျက်ရှိသည်။ ထိုသို့ ရွေးကောက်ပွဲများ ရွှေ့ဆိုင်း/ပယ်ဖျက်ရန် ဆုံးဖြတ်ချက်ချမှတ်လိုက်ခြင်းသည် နိုင်ငံရေးပါတီ အများအပြားအတွက် မေးခွန်းထုတ်ရန် တွန်းအားပေးခဲ့သည်။ ရခိုင်ပြည်နယ်မှ မဲဆန္ဒရှင်အများစုအပါအဝင် ခန့်မှန်းခြေ မဲဆန္ဒရှင် ၁.၄ သန်းခန့်မှာ ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးရမည် ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်လောင်း အရေအတွက်မှာလည်း သိသိသာသာ လျော့နည်းသွားသည်။ တစ်စိတ်တစ်ပိုင်းမှာ နောက်ထပ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပယ်ဖျက်ခံရသောကြောင့် ဖြစ်သော်လည်း အများစုမှာမူ ညီညွတ်သော ဒီမိုကရက်တစ်ပါတီကို ဖျက်သိမ်းလိုက်ခြင်းကြောင့် ဖြစ်သည်။ အမျိုးသမီးပါဝင်မှုမှာ ၂၀၁၀ ခုနှစ်ကတည်းက တိုးတက်လာလျက်ရှိသော်လည်း ရာခိုင်နှုန်းမှာမူ ၁၆%အောက်သာ ရှိနေသေးသည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုးကွယ်ယုံကြည်မှုနှင့် ဆက်နွှယ်နေသော အချက်အလက်များနှင့် တိုင်းရင်းသားဝိသေသလက္ခဏာများအား ကောက်ယူခြင်းနှင့် ထုတ်ပြန်ဖော်ပြနေခြင်းကို ဆက်လက်လုပ်ဆောင်နေလျက်ရှိသဖြင့် ပြည်ထောင်စုဥပဒေဖြစ်သော ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်လုံခြုံမှုရရှိပိုင်ခွင့် ဥပဒေများနှင့် ကျင့်သုံးလျက်ရှိသော နိုင်ငံတကာ အခြေခံမူများနှင့် ကိုက်ညီမှု ရှိမရှိ မေးမြန်းသည့် မေးခွန်းများ ထွက်ပေါ်လာလျက်ရှိသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ပါတီများသည် ကိုဗစ်-၁၉ဆိုင်ရာ ကန့်သတ်ချက်များကို ကျင့်သုံးရခြင်းကြောင့် ၎င်းတို့၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများကို လူမှုမီဒီယာပေါ်တွင် ဆောင်ရွက်လျက်ရှိပြီး ပါတီအများအပြားမှာ ထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပါတီအချင်းချင်းအကြား ထိပ်တိုက်တွေ့မှုများနှင့် လုံခြုံရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သော်လည်း ယခုအချိန်အထိ မဲဆွယ်စည်းရုံးကာလအများစုမှာ ငြိမ်းချမ်းလျက်ရှိသည်။ အွန်လိုင်းပေါ်မှ နိုင်ငံရေးပါတီဆိုင်ရာ ဘက်လိုက်မှုများသည် တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာရေးလူနည်းစုများကို ဆန့်ကျင်သော အမုန်းစကားဖြင့် တိုက်ခိုက်လေ့ရှိသည်။

ကာတာစင်တာသည် မဲဆွယ်စည်းရုံးကာလအဆုံးပိုင်းနှင့် ဆန္ဒမဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ရလဒ်များ စာရင်းသွင်းခြင်းတို့ကို လေ့လာရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အများစုတွင် ရွေးကောက်ပွဲလေ့လာသူအဖွဲ့များကို ခန့်အပ်တာဝန်ပေးရန် ပြင်ဆင်နေလျက်ရှိသည်။ ရွေးကောက်ပွဲနေ့အပြီး မကြာမီတွင် တွေ့ရှိချက်များနှင့် နိဂုံးချုပ်တွေ့ရှိချက်များအကြောင်းကို ဖော်ပြမည့် ကနဦးထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်သွားရန်လည်း ပြင်ဆင်နေပါသည်။

ကာတာစင်တာသည် အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ လေ့လာမှုများအတွက် အခြေခံမူများဆိုင်ရာ ကြေညာချက်နှင့်အညီ မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲများကို လေ့လာနေပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများ၊ နိုင်ငံတကာနှင့် ဒေသတွင်း ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအတွက် တာဝန်ဝတ္တရားများကို အခြေခံကာ ရွေးကောက်ပွဲဖြစ်စဉ်ကို ဆန်းစစ်လေ့လာမည် ဖြစ်ပါသည်။

အစီရင်ခံစာအပြည့်အစုံကို [ဤနေရာတွင်] ကြည့်ရှုပါ။

###

ဆက်သွယ်ရန်။ အတ္တလန်တာတွင် Soyia Ellison, soyia.ellison@cartercenter.org

မြန်မာနိုင်ငံတွင် Sean Dunne, sean.dunne@cartercenter.org

## ကာတာစင်တာ

*ငြိမ်းချမ်းရေးကို တိုးမြှင့်ခြင်း၊ ရောဂါဘယ တိုက်ဖျက်ခြင်း၊ မျှော်လင့်ချက်ကို တည်ဆောက်ခြင်း*

*ကာတာစင်တာသည် အကျိုးအမြတ်ကို မရယူသော၊ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ တိုးမြှင့်စေခြင်း၊ ရောဂါဘယများကို ကာကွယ်တားဆီးခြင်းနှင့် စိတ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှု တိုးမြှင့်စေခြင်းတို့ကို နိုင်ငံပေါင်း ၈၀ ကျော်မှ လူများ၏ ဘဝ တိုးတက်စေရန် ကူညီပေးခဲ့ပြီး ဖြစ်သည်။ ကာတာစင်တာကို အမေရိကန်သမ္မတဟောင်း Jimmy Carterနှင့် သမ္မတကတော်ဟောင်း Rosalynn Carter တို့မှ ၁၉၈၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်လွှားတွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေး တိုးမြှင့်ခြင်းတို့ကို မိတ်ဖက်ဖြစ်သော Emory Universityနှင့်အတူ ဆောင်ရွက်နေပါသည်။*

ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုရန် *CarterCenter.org* | ကျွန်ုပ်တို့အကြောင်းကို Twitterတွင် ကြည့်ရှုရန် *@CarterCenter* | ကျွန်ုပ်တို့အကြောင်းကို Instagram တွင် ကြည့်ရှုရန် *@thecartercenter* | ကျွန်ုပ်တို့ကို Facebook တွင် Like လုပ်ထားရန် *Facebook.com/CarterCenter* | ကျွန်ုပ်တို့အကြောင်းကို YouTube တွင် ကြည့်ရှုရန်*YouTube.com/CarterCenter*